လေးစားအပ်ပါသော ကျောင်းသားမိဘ/အုပ်ထိန်းသူခင်ဗျား

ကလေးငယ်များ လေ့လာသင်ယူနိုင်ရန် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို လိုအပ်ပါသည်။ **DeKalb ကောင်တီ ခရိုင်ကျောင်းသည်** ကျောင်းဖွင့်ရက်တိုင်းတွင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို ကျွေးမွေးပါသည်။ ကျောင်းသားများသည် နေ့လယ်စာကို မူလတန်းအတွက် $2.75၊ အလယ်တန်း/အထက်တန်း အတွက် $2.90 နှင့် နံနက်စာကို မူလတန်းအတွက် $1.60 နှင့် အလယ်တန်း/အထက်တန်း အတွက် $1.70 ဖြင့် အသီးသီးဝယ်ယူနိုင်ပါသည်။ သင့်ကလေးအနေဖြင့် အခမဲ့ရရှိမည့် အစားအသောက်များ သို့မဟုတ် ဈေးလျှော့ထားသော အစားအသောက်များကို ရရှိနိုင်မည်ဖြစ်သည်။ ဈေးလျှော့ထားသော နံနက်စာမှာ $.30 ဖြစ်ပြီး နေ့လည်စာမှာ $.40 ဖြစ်သည်။ ဤအထုပ်တွင် အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသော အစားအသောက် အကျိုးခံစားခွင့်များအတွက် လျှောက်လွှာတစ်စောင်နှင့် အသေးစိတ် ညွှန်ကြားချက်တစ်စုံ ပါဝင်ပါသည်။ အောက်ပါတို့သည် လျှောက်ထားသည့် လုပ်ငန်းစဉ်တွင် သင့်ကိုကူညီပေးမည့် အမေးများသော မေးခွန်းများနှင့် အဖြေများဖြစ်ပါသည်။

1. **အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသော အစားအသောက်များကို မည်သူက ရရှိနိုင်ပါသလဲ။**

- SNAP၊ FDPIR သို့မဟုတ် TANF မှ အကျိုးခံစားခွင့်များ ရရှိနေသော မိသားစုရှိ ကလေးအားလုံးသည် အစားအသောက်များကို အခမဲ့ ရရှိနိုင်ပါသည်။
- မွေးစားအုပ်ထိန်းစောင့်ရှောက်မှုပေးသည့် အေဂျင်စီတစ်ခု သို့မဟုတ် တရားရုံးတစ်ခု၏ တရားဝင် တာဝန်ယူမှုကို ခံထားရသော မွေးစားကလေးငယ်များသည်လည်း အစားအသောက်များကို အခမဲ့ ရရှိနိုင်ပါသည်။
- ကျောင်း၏ Head Start အစီအစဉ်တွင် ပါဝင်ကြသော ကလေးငယ်များသည် အစားအသောက်များကို အခမဲ့ ရရှိနိုင်ပါသည်။
- အိမ်ခြေမဲ့၊ အိမ်ပြေး သို့မဟုတ် ရွှေ့ပြောင်းဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသည့် ကလေးငယ်များသည် အစားအသောက်များကို အခမဲ့ ရရှိနိုင်ပါသည်။
- သင်၏ အိမ်ထောင်စု ဝင်ငွေသည် ဖက်ဒရယ် အစိုးရမှ သတ်မှတ်ထားသည့် ဝင်ငွေ သတ်မှတ်ချက်ပြည့်မီမှုဆိုင်ရာ လမ်းညွှန်ချက်များ၏ ကန့်သတ်ချက်များအတွင်း ရှိနေပါက ကလေးငယ်များအနေဖြင့် အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသော အစားအသောက်များကို ရရှိနိုင်ပါသည်။ သင်၏ အိမ်ထောင်စု ဝင်ငွေသည် ဤဇယားရှိ ကန့်သတ်ချက်များတွင် သို့မဟုတ် ယင်းအောက် ကျရောက်နေပါက သင့်ကလေးငယ်များသည် အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသော အစားအသောက်များကို ရရှိနိုင်ပါသည်။

မိသားစု အရွယ်အစား	နှစ်စဉ်	လစဉ်	တစ်လ နှစ်ကြိမ်	နှစ်ပတ် တစ်ကြိမ်	အပတ်စဉ်
1	$23,606	1,968	984	908	454
2	31,894	2,658	1,329	1,227	614
3	40,182	3,349	1,675	1,546	773
4	48,470	4.040	2,020	1,865	933
5	56,758	4,730	2,365	2,183	1,092
6	65,046	5,421	2,711	2,502	1,251
7	73,334	6,112	3,056	2,821	1,411
8	81,622	6,802	3,401	3,140	1,570
	+8,288	+691	+346	+319	+160

2. **ကျွန်ုပ်၏ ကလေးငယ်များသည် အိမ်ခြေမဲ့၊ ရွှေ့ပြောင်းကလေးငယ် သို့မဟုတ် အိမ်ပြေးအဖြစ် သတ်မှတ်ချက် ပြည့်မီ၊ မမီ ကျွန်ုပ် ဘယ်လိုသိနိုင်ပါသလဲ။** သင့်အိမ်ထောင်စု၏ မိသားစုဝင်များတွင် ယာယီလိပ်စာတစ်ခု မရှိဘူးလား။ သင်သည် ဂေဟာ၊ ဟိုတယ် သို့မဟုတ် အခြားယာယီ အိမ်ရာအစီအစဉ်တစ်ခုတွင် အတူတကွ နေထိုင်နေသလား။ သင့်မိသားစုသည် ရာသီအလိုက် နေရာပြောင်းရွှေ့ နေထိုင်ပါသလား။ ယခင် မိသားစု သို့မဟုတ် အိမ်ထောင်စုမှ ထွက်ခွာရန် ရွေးချယ်ထားသော ကလေးငယ်တစ်ဦးဦးသည် သင်နှင့်အတူ နေထိုင်နေသလား။ သင့်အိမ်ထောင်စုတွင်ပါဝင်သော ကလေးငယ်များသည် ဤဖော်ပြချက်များနှင့် ကိုက်ညီပြီး ၎င်းတို့သည် အခမဲ့ အစားအသောက်များ ရရှိလိမ့်မည်ဟု ပြောဆိုလာခြင်းမရှိပါက 678-676-2017 တွင် Sonja Tobler ကို ဆက်သွယ်ပါ သို့မဟုတ် sonja_d_tobler@dekalbschoolsga.org တွင် အီးမေးလ်ပို့ပါ။

3. **ကလေးတစ်ယောက်ချင်းစီအတွက် လျှောက်လွှာတစ်ခုချင်းစီ ဖြည့်ရန်လိုသလား။ မလိုပါ။** သင့်အိမ်ထောင်စုအတွင်းရှိ ကျောင်းသားအားလုံးအတွက် အခမဲ့နှင့် ဈေးလျှော့ထားသော ကျောင်းအစားအသောက်များအတွက် လျှောက်လွှာတစ်စောင်ကို အသုံးပြုပါ။ ပြည့်စုံမှုမရှိသော လျှောက်လွှာတစ်စောင်ကို ကျွန်ုပ်တို့ ထောက်ခံအတည်ပြုမပေးနိုင်သောကြောင့် လိုအပ်သော အချက်အလက်အားလုံးကို သေချာဖြည့်စွက်ပါ။ ဖြည့်စွက်ပြီးသော လျှောက်လွှာကို- **သင်၏ အငယ်ဆုံး ကလေး(များ)တက်ရောက်နေ သော ကျောင်းရှိ ကျောင်းတွင်း အာဟာရ မန်နေဂျာထံ ပြန်ပေးပါ။**

4. **ကျွန်ုပ်၏ ကလေး(များ)သည် အခမဲ့ အစားအသောက်များ ရရှိရန် အတည်ပြုပြီးဖြစ်သည်ဟု ဖော်ပြထားသော စာတစ်စောင်ကို ယခုနှစ် စာသင်နှစ်တွင် ရရှိထားပြီးဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ကျွန်ုပ် ဖြည့်စွက်သင့်သလား။ မဖြည့်စွက်သင့်ပါ။** ယင်းသည် စာသင်နှစ်အသစ်အတွက် သင့်ကို ပြည်နယ်က အသိအမှတ်ပြုပြီးဖြစ်ကြောင်း ညွှန်ပြပါသည်။ သင် **ရရှိထားသော** စာကို သေသေချာချာ ဖတ်ရှုပြီး ညွှန်ကြားချက်များကို လိုက်နာပါ။ သင့်အိမ်ထောင်စုတွင်ပါဝင်သော ကလေးတစ်ဦးဦးသည် သတ်မှတ်ချက်ပြည့်မီကြောင်း အသိပေးသည့်စာထဲတွင် ပါဝင်မလာခဲ့ပါက ၎င်းတို့၏ အမည်များကို စာတွင် ထည့်သွင်းပြီး အငယ်ဆုံးကလေး တက်ရောက်နေသော ကျောင်းသို့ ပြန်ပေးပါ။ သင့်တွင် မေးမြန်းလိုသည်များ ရှိပါက သင့်ကလေး၏ ကျောင်းရှိ ကျောင်းတွင်း အာဟာရ မန်နေဂျာထံ ဆက်သွယ်ပါ။

5. **ကျွန်ုပ် အွန်လိုင်းမှ လျှောက်ထားနိုင်သလား။** ဟုတ်ပါသည်။ လျှောက်လွှာစာရွက်အစား အွန်လိုင်းလျှောက်လွှာတစ်စောင်တွင် ဖြည့်စွက်ရန် သင့်ကို တိုက်တွန်းပါသည်။ သင်သည် လျှောက်လွှာစာရွက်တစ်စောင်ကို သင့်ကလေး(များ)၏ ကျောင်းရှိ ကျောင်းတွင်း အာဟာရ မန်နေဂျာထံမှ ရယူနိုင်ပါသည်။ အွန်လိုင်းလျှောက်လွှာတွင် တူညီသော သတ်မှတ်ချက်များရှိပြီး လျှောက်လွှာစာရွက်ထဲတွင် တောင်းဆိုထားသည့် အချက်အလက်များကိုပင် သင့်ထံမှ တောင်းဆိုပါမည်။ အွန်လိုင်း လျှောက်လွှာ လုပ်ဆောင်ချက်ကို စတင်ရန် သို့မဟုတ် နောက်ထပ် လေ့လာရန် **https://schoolcafe.com** တွင် ဝင်ရောက်ကြည့်ရှုပါ။ အွန်လိုင်းဖြင့် လျှောက်လွှာတင်ခြင်း သို့မဟုတ် စာရွက်ဖြင့် လျှောက်လွှာတင်ခြင်း နှင့်ပတ်သက်ပြီး သင် မေးမြန်းလိုသည့် မေးခွန်းများတစ်စုံတစ်ရာရှိခဲ့ပါက Tansheila Harris ထံသို့ 678-676-1777, 678-676-1778 ဖြင့် ခေါ်ဆိုဆက်သွယ်နိုင်ပါသည် သို့မဟုတ် tansheila_harris@dekalbschoolsga.org ဖြင့် အီးမေးလ် ပေးပို့နိုင်သည်။

6. **ကျွန်ုပ်ကလေး၏ လျှောက်လွှာသည် မနှစ်က အတည်ပြုခံရပါသည်။ ကျွန်ုပ်အနေဖြင့် လျှောက်လွှာအသစ် တစ်စောင်တွင် ဖြည့်စွက်ရန် လိုပါသလား။ ဟုတ်ပါသည်။** လျှောက်လွှာအသစ်တစ်စောင်ကို နှစ်စဉ် ပေးပို့တင်သွင်းရပါမည်။ မနှစ်က လျှောက်လွှာတွင် သတ်မှတ်ထားသည့် ရက်ထက် ရက် 30 နောက်ကျခွင့်ရှိပါသည်။ လျှောက်လွှာအသစ် တင်သွင်းရန် နောက်ဆုံးသတ်မှတ်ရက်မှာ စက်တင်ဘာလ 29 ရက်၊ 2020 ခုနှစ် ဖြစ်ပါသည်။ ကျောင်းတာဝန်ရှိသူ အတည်ပြုပေးထားသော လျှောက်လွှာအသစ်တစ်စောင်ကို တင်သွင်းခြင်းမရှိပါက သို့မဟုတ် သင့်ကလေးသည် အခမဲ့ အစားအသောက်များကို ရယူနိုင်ကြောင်း အကြောင်းကြားလာခြင်းမရှိပါက အစားအသောက်များအတွက် သင့်ကလေးထံမှ ပုံမှန်ဈေးနှုန်းအတိုင်း ကောက်ခံပါမည်။

7. **ကျွန်ုပ်တွင်** WIC **ရှိပါသည်။ ကျွန်ုပ်၏ ကလေးများသည် အစားအသောက်များကို အခမဲ့ ရရှိနိုင်သလား။** WIC တွင် ပါဝင်သော အိမ်ထောင်စုဝင် ကလေးငယ်များသည် အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသော အစားအသောက်များကို ရရှိနိုင်ပါသည်။ ဖြည့်စွက်ပြီးသော လျှောက်လွှာတစ်စောင်ကို ပေးပို့ပါ။

8. **ကျွန်ုပ် ပံ့ပိုးပေးသော အချက်အလက်များကို စစ်ဆေးမည်လား။ ဟုတ်ပါသည်။** သင်တင်ပြသည့် သင့် အိမ်ထောင်မိသားစုဝင်ငွေကို စာဖြင့် ရေးသားသည့် သက်သေစာ တစ်စောင်ကို ပေးပို့လာရန် ကျွန်ုပ်တို့ တောင်းဆိုနိုင်သည်။

9. **ယခု ကျွန်ုပ် သတ်မှတ်ချက် မပြည့်မီပါက နောင်တွင် လျှောက်ထားနိုင်သလား။ လျှောက်ထားနိုင်ပါသည်။** သင်သည် စာသင်နှစ်အတွင်း မည်သည့်အချိန်တွင်မဆို လျှောက်ထားနိုင်ပါသည်။ ဥပမာ၊ အလုပ်လက်မဲ့ဖြစ်သွားသော မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးနှင့်အတူ နေထိုင်သည့် ကလေးငယ်များအနေဖြင့် အိမ်ထောင်စု ဝင်ငွေသည် ဝင်ငွေကန့်သတ်ချက်အောက် ကျဆင်းသွားပါက အခမဲ့နှင့် ဈေးလျှော့ထားသော အစားအသောက်များကို ရရှိနိုင်ပါသည်။

10. **ကျွန်ုပ်၏ လျှောက်လွှာနှင့် ပတ်သက်၍ ကျောင်း၏ ဆုံးဖြတ်ချက်ကို သဘောမတူပါက ဘယ်လိုလုပ်ရမလဲ။** ကျောင်းအရာရှိ Tansheila Harris နှင့် 678-676-1777 သို့ခေါ်ဆို ဆွေးနွေးနိုင်သည်။ ကြားနာခြင်းအတွက် **(678-676-1786)** သို့ ဖုန်းခေါ်ဆိုခြင်းဖြင့် သင် တောင်းဆိုနိုင်သည် သို့မဟုတ် **Dr. Connie R. Walker၊ အမှုဆောင် ဒါရိုက်တာ၊ DeKalb ကျောင်းတွင်း အာဟာရ ဝန်ဆောင်မှုများ၊ 1701 Mountain Industrial Boulevard၊ Stone Mountain၊ Ga သို့ စာရေးသား၍ ကြားနာမှုတစ်ခု ပြုလုပ်ရန်လည်း တောင်းဆိုနိုင်ပါသည်။ 30083**

11. **ကျွန်ုပ်၏ အိမ်ထောင်စုဝင် တစ်ဦးဦးသည် အမေရိကန် နိုင်ငံသားမဟုတ်ပါက လျှောက်ထားနိုင်သလား။ ဟုတ်ပါသည်။** အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသော အစားအသောက်များအတွက် လျှောက်ထားရန် သင်၊ သင့်ကလေးများ သို့မဟုတ် အခြားမိသားစုဝင်များသည် အမေရိကန် နိုင်ငံသားများ ဖြစ်ရန်မလိုပါ။

12. **ကျွန်ုပ်၏ ဝင်ငွေက အမြဲတမ်း ပုံမှန်မဟုတ်ပါက ဘယ်လိုလုပ်ရမလဲ။** သင်ပုံမှန် လက်ခံရရှိနေသော ငွေပမာဏကို စာရင်းလုပ်ပါ။ ဥပမာ၊ သင်သည် လစဉ် $1000 ဝင်ငွေရှိသော်လည်း ယခင်လက အလုပ်အချို့ကို လွတ်သွားခဲ့ပြီး $900 သာ ဝင်ငွေရရှိခဲ့ပါက တစ်လလျှင် $1000 ရရှိသည်ဟု ချရေးပါ။ သင်သည် ပုံမှန်အားဖြင့် အချိန်ပိုဆင်းရပါက ၎င်းကို ထည့်သွင်းပါ။ သို့သော် သင်က တစ်ခါတစ်ရံမှ အချိန်ပိုလုပ်ရပါက မထည့်သွင်းပါနှင့်။ အကယ်၍ သင်သည် အလုပ်မရှိတော့ပါက သို့မဟုတ် သင့် အလုပ်ချိန်များ သို့မဟုတ် လစာများကို လျှော့ချခံထားရပါက သင်၏ လက်ရှိ ဝင်ငွေကိုသာ ရေးပါ။

13. **တင်ပြရာ၌ မိသားစုဝင်အချို့တွင် ဝင်ငွေမရှိပါက ဘာလုပ်ရမလဲ။** လျှောက်လွှာထဲတွင် တင်ပြခိုင်းထားသည့် ဝင်ငွေအမျိုးအစားအချို့ကို မိသားစုဝင်များ မရရှိနိုင်ပါ သို့မဟုတ် ဝင်ငွေလုံးဝ မရရှိနိုင်ပါ။ ယင်းသို့ဖြစ်ပွားသည့် အချိန်တိုင်း အကွက်ထဲတွင် 0 ဟု ရေးသားပါ။ သို့ရာတွင် ဝင်ငွေထည့်ရမည့် အကွက်တစ်ခုခုကို ဘာမျှမရေးဘဲ ချန်ထားပါက သို့မဟုတ် ကွက်လပ်ထားခဲ့ပါက ၎င်းတို့ကိုလည်း သုညများအဖြစ် ရေတွက်ပါမည်။ ဝင်ငွေထည့်ရမည့် အကွက်များကို ကွက်လပ်ထားခဲ့သောအခါ သင်က ထိုကဲ့သို့ သုညများကို ထည့်သွင်းရန် ရည်ရွယ်သည်ဟု ကျွန်ုပ်တို့ ယူဆမည်ဖြစ်သောကြောင့် ဂရုပြုပါ။

14. **ကျွန်ုပ်တို့သည် စစ်တပ်ထဲတွင် ရှိနေသည်။ ကျွန်ုပ်တို့၏ ဝင်ငွေကို သီးခြား အစီရင်ခံရမလား။** သင်၏ အခြေခံလစာနှင့် အပိုဆုကြေးများကို ဝင်ငွေအဖြစ် တင်ပြရပါမည်။ စစ်တပ်အိမ်ရာ ပြင်ပတွင် နေထိုင်ခြင်း၊ အစားအစာ သို့မဟုတ် အဝတ်အစားအတွက် ငွေသားတန်ဖိုးဖြင့် ထောက်ပံ့ကြေး တစ်စုံတစ်ရာ ရရှိပါက ၎င်းတို့ကိုလည်း ဝင်ငွေအဖြစ် ထည့်သွင်းရမည်။ သို့ရာတွင် သင့်အိမ်ရာသည် စစ်တပ်အိမ်ရာအတွက် ပုဂ္ဂလိက ကဏ္ဍမှ တာဝန်ယူဆောင်ရွက်ခြင်း အစီအစဉ်တွင် ပါဝင်ပါက သင်၏ အိမ်ရာထောက်ပံ့ကြေး ခံစားခွင့်ကို ဝင်ငွေအဖြစ် မထည့်သွင်းပါနှင့်။ စစ်ဘက်ဆိုင်ရာ လုပ်ဆောင်ချက်အတွက် ရွှေ့တန်းထွက်ရမှုကြောင့် ရရှိသော ထပ်ဆောင်း တိုက်ပွဲလစာမှန်သမျှကိုလည်း ဝင်ငွေတွင် မထည့်သွင်းပါနှင့်။

15. **လျှောက်လွှာတွင် ကျွန်ုပ်၏ မိသားစုအတွက် နေရာလွတ် အလုံအလောက် မရှိပါက ဘာလုပ်ရမလဲ။** အဆင့် 3 (သီးသန့်) ကို ဖြည့်စွက်ပြီး သင်၏ ဖြည့်စွက်ပြီးသော လျှောက်လွှာတွင် ၎င်းကို ပူးတွဲထည့်သွင်းပါ။ ဒုတိယ လျှောက်လွှာတစ်စောင် ရရှိရန် သင့်ကလေး၏ ကျောင်းတွင်း အာဟာရ မန်နေဂျာကို ဆက်သွယ်ပါ။

16. **ကျွန်ုပ်၏ မိသားစုသည် အကူအညီ ပိုလိုအပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် လျှောက်ထားနိုင်မည့် အခြားသော အစီအစဉ်များ ရှိပါသလား။** SNAP သို့မဟုတ် အခြားထောက်ပံ့မှု အကျိုးခံစားခွင့်များ လျှောက်ထားပုံကို လေ့လာရန် သင်၏ ဒေသဆိုင်ရာ အကူအညီရုံးကို ဆက်သွယ်ပါ သို့မဟုတ် **1-877-423-4746** ကို ဖုန်းခေါ်ဆိုပါ။

17. **ကျွန်ုပ်၏ ကလေးသည် CEP ကျောင်းကို တက်ရောက်ပြီးနောက်** CEP **မဟုတ်သည့် ကျောင်းသို့ ပြောင်းရွှေ့ပါက ဘာလုပ်ရမလဲ။ ကျောင်းသားသည်** CEP မဟုတ်သော **ကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ပါက မိဘအနေဖြင့် လျှောက်လွှာတစ်စောင် တင်သွင်းရပါမည်။ လျှောက်လွှာများကို အတည်ပြုပေးရန် အများဆုံး 10 ရက်အထိ ကြာနိုင်ပါသည်။ CEP ကျောင်းမှ CEP မဟုတ်သော ကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့သွားသော ကျောင်းသားများအား အစားအသောက်များကို အခမဲ့ စားသုံးနိုင်သည့် နောက်ဆုံးသတ်မှတ်ရက်အပြင် ထပ်ဆောင်းအချိန်ပို 10 ရက် ပေးပါမည်။ 10 ရက် နောက်ပိုင်းတွင် ကျောင်းသားသည် အခပေး အခြေအနေသို့ ပြောင်းလဲသွားပါမည်။ အပိုရက်ဆောင်း ခွင့်ပြုပေးထားသည့် ကာလအပြီးနောက် နှင့် လျှောက်လွှာအား လုပ်ငန်းစဉ်ဆောင်ရွက်မှု မတိုင်မီတွင် ကျသင့်ကောင်း ကျသင့်မည်ဖြစ်သည့် အစားအစာ ကုန်ကျစရိတ်များ အားလုံးအတွက် မိဘဖြစ်သူတွင် တာဝန် ရှိပေသည်။**

အကယ်၍ သင့်တွင် အခြားသော မေးခွန်းများရှိပါက သို့မဟုတ် အကူအညီ လိုအပ်ပါက **Tansheila Harris၊ အခမဲ့ နှင့် ဈေးလျှော့ချခြင်း ဆိုင်ရာ ကြီးကြပ်ရေးမှူး II (Free & Reduced Supervisor II) ထံသို့ 678-676-1777 ဖြင့် အခမဲ့ ခေါ်ဆိုခြင်း သို့မဟုတ်** tansheila_harris@dekalbschoolsga.org သို့ အီးမေးလ်ဖြင့် ပေးပို့ခြင်း ပြုလုပ်နိုင်ပါသည်

ကျိုးနွံစွာဖြင့်

Dr Connie R. Walker

Dr. Connie R. Walker၊ အမှုဆောင် ဒါရိုက်တာ၊ DeKalb ကျောင်း အာဟာရ ဝန်ဆောင်မှုများ

ဤအဖွဲ့အစည်းမှာ တန်းတူအခွင့်အရေးပေးသူဖြစ်ပါသည်။